စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# နာနတ်သီး

# (Fresh or dried Pineapples)

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၂၀)

(HS-Code 080430)

Fresh or dried Pineapples

















July 2019

# ဈေးကွက်အလားအလာလေ့လာချက်

(ITC MARKET SCAN)

PRODUCT : 080430

Fresh or dried Pineapples

## (HS-Code 080430)

## Fresh or dried Pineapples


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

၂၀၁၈ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

Fig 1: Top 10 World importers in 2018

| Sr. No | Importers | Value Imported in 2018 (US$,000) | Quantity Imported in 2018(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 725992 | 1163996 | 624 | 26.6 |
| 2 | Netherlands | 258319 | 318806 | 810 | 9.5 |
| 3 | China | 182731 | 185996 | 982 | 6.7 |
| 4 | Germany | 156851 | 160587 | 977 | 5.7 |
| 5 | Spain | 144460 | 178820 | 808 | 5.3 |
| 6 | Belgium | 135303 | 150931 | 896 | 5 |
| 7 | Italy | 134964 | 175975 | 767 | 4.9 |
| 8 | United Kingdom | 133738 | 160021 | 836 | 4.9 |
| 9 | Japan | 130327 | 159040 | 819 | 4.8 |
| 10 | France | 123003 | 144456 | 851 | 4.5 |
| 11 | other | 606493 | 791455 | -7609 | 22.1 |
| 12 | World Total | 2732181 | 3590083 | 761 | 100 |

Source : ITC TradeMap




**Source : ITC TradeMap**




**Source : ITC TradeMap**

၁။ ဖော်ပြပါ (HS-Code 080430) နာနတ်သီးအား ၂၀၁၈ ခုနှစ်တွင် အများဆုံး ဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်၊ နယ်သာလန်စ်၊ တရုတ်၊ ဂျာမဏီ၊ စပိန်၊ ဘယ်လဂျီယမ်၊ အီတလီ၊ အင်္ဂလန်၊ ဂျပန်နှင့် ပြင်သစ်တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်၏ ၂၀၁၈ ခုနှစ် သွင်းကုန် တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၇၂၅ ဒသမ ၉၈၂ သန်းရှိပြီး ကမ္ဘာ့နာနတ်သီးဈေးကွက်၏ ဈေးကွက်ဝေစု ၂၆ ဒသမ ၆ ရာခိုင် နှုန်းရရှိထားသည်။ ထို့နောက် နယ်သာလန်စ်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၅၈ ဒသမ ၃၁၉ သန်းဈေးကွက်ဝေစု ၉ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ တရုတ်က ကန်ဒေါ်လာ ၁၈၂ ဒသမ ၇၃၁ သန်းဈေးကွက်ဝေစု ၆ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ ဂျာမဏီ၊ စပိန်၊ ဘယ်လ်ဂျီယမ်၊ အီတလီ၊ အင်္ဂလန်၊ ဂျပန်၊ ပြင်သစ်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့နာနတ်သီး တင်သွင်းသည့် နိုင်ငံပေါင်း(၁၆၆) နိုင်ငံရှိပြီး ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် တရုတ်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး ဂျာမဏီက ဒုတိယ၊ ဘယ်လဂျီယမ်က တတိယ၊ ပြင်သစ်က စတုတ္ထနှင့် အင်္ဂလန်က ပဉ္စမတို့ ဖြစ်ကြသည်။

### မြန်မာ့ နာနတ်သီး တင်ပို့သည့် ထိပ်တန်း (၃) နိုင်ငံ (၂၀၁၈)

**Fig 2: Top 3 Importers of Myanmar in 2018**

| Importer Countries | Value Imported in 2018 (US$,000) | Quantity Imported in 2018 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Germany | 442 | 51 | 8667 | 79.5 |
| United States of America | 75 | 7 | 10714 | 13.5 |
| Switzerland | 39 | 2 | 19500 | 7 |

**Source : ITC TradeMap**

၂။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ နာနတ်သီးအား အများဆုံး တင်ပို့ရောင်းချခဲ့သည့်နိုင်ငံများမှာ ITC Trade Map အရ ဂျာမဏီ၊ အမေရိကန်၊ ဆွစ်ဇာလန်တို့ ဖြစ်ကြသည်။

**မြန်မာ့နာနတ်သီးအား နယ်စပ်မှ တင်ပို့မှု**

၃။ Tradedata.moc.local အရ မြန်မာ့နာနတ်သီးများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ နယ်စပ်မှ တင်ပို့မှုအခြေအနေအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ**
**နယ်စပ်မှ နာနတ်သီးတင်ပို့မှုအခြေပြဇယား**

**ကန်ဒေါ်လာ**

| ဘဏ္ဍာနှစ် | နယ်စပ် | |
|---|---|---|
| | တန်ချိန် | တန်ဖိုး |
| ၂၀၁၄-၂၀၁၅ | ၃၃၄၉.၅ | ၃၇၈၇၁၃.၅ |
| ၂၀၁၅-၂၀၁၆ | ၈၇၂၀ | ၈၆၆၂၄၅.၄၃၇ |
| ၂၀၁၆-၂၀၁၇ | ၇၀၆၂ | ၇၀၁၉၃၁.၅၄ |
| ၂၀၁၇-၂၀၁၈ | ၆၁၁၄.၁ | ၅၉၀၈၆၆.၁ |

Source:Tradedata.moc.local

၄။ Tradedata.moc.local အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ့နာနတ်သီးများကို တရုတ်နှင့် ထိုင်းသို့ နယ်စပ်မှ ၆၁၁၄.၁တန်နှင့် တန်ဖိုး ကန်ဒေါ်လာ ၅၉၀၈၆၆.၁ ဖိုးတင်ပို့ထားကြောင်းတွေ့ရှိရပါသည်။

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နာနတ်သီး တင်ပို့မှု

၅။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နာနတ်သီး တင်ပို့မှု ပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နာနတ်သီး တင်ပို့မှု တန်ဖိုးပြဇယား

**Fig 3: List of exporters for the selected product**

Product: 080430 Fresh or dried pineapples

Unit : US Dollar thousand

| NO | Exporters | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 | Exported value in 2018 |
|---|---|---|---|---|---|---|
| 1 | Costa Rica | 889148 | 821873 | 905311 | 980598 | 1038152 |
| 2 | Netherlands | 237726 | 226619 | 302481 | 232823 | 245423 |
| 3 | Philippines | 147705 | 105374 | 228412 | 201087 | 191979 |
| 4 | Belgium | 120626 | 106330 | 110906 | 110065 | 108587 |
| 5 | United States of America | 115204 | 103129 | 101476 | 97188 | 90262 |
| 6 | Taipei, Chinese | 9181 | 26407 | 38845 | 37255 | 42998 |
| 7 | Honduras | 22050 | 26156 | 26430 | 29352 | 42076 |
| 8 | Ecuador | 26948 | 31967 | 37474 | 44189 | 40621 |
| 9 | Spain | 29626 | 24623 | 30695 | 33204 | 40306 |
| 10 | Mexico | 19711 | 36159 | 42573 | 41020 | 30605 |
| 11 | Myanmar | 379 | 783 | 671 | 401 | 556 |
| 12 | other | 245374 | 217837 | 173418 | 225892 | 248943 |
| 13 | World Total | 1863678 | 1727257 | 1998692 | 2033074 | 2120508 |

**Source: ITC Trade Map**

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၅၀) တွင်ရှိပါသည်။

## ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ နာနတ်သီးတင်ပို့မှု ပမာဏပြဇယား

**Fig 4: List of exporters for the selected product**

Product: 080430 Fresh or dried pineapples

| Sr. No | Exporters | 2014<br>Exported quantity, Tons | 2015<br>Exported quantity | 2016<br>Exported quantity, Tons | 2017<br>Exported quantity | 2018<br>Exported quantity |
|---|---|---|---|---|---|---|
| 1 | Costa Rica | 2126929 | 1902031 | 2019401 | 2160320 | 2333924 |
| 2 | Philippines | 461856 | 267789 | 566928 | 495440 | 442108 |
| 3 | Netherlands | 255610 | 246611 | 334089 | 250503 | 276669 |
| 4 | Belgium | 124058 | 121246 | 126928 | 121314 | 131228 |
| 5 | United States of America | 121928 | 113920 | 120346 | 121859 | 109232 |
| 6 | Ecuador | 55545 | 66076 | 73990 | 84691 | 80579 |
| 7 | Mexico | 41271 | 76987 | 86267 | 87476 | 75217 |
| 8 | Honduras | 51258 | 60031 | 58817 | 59013 | 68377 |
| 9 | Spain | 31761 | 26607 | 29712 | 31373 | 39243 |
| 10 | Guatemala | 25091 | 27506 | 35734 | 40347 | 34246 |
| 11 | Myanmar | 487 | 965 | 2940 | 3720 | 60 |
| 12 | Other | 310978 | 287965 | 243956 | 302581 | 341148 |
| 13 | World Total | 3606772 | 3197734 | 3699108 | 3758637 | 3932031 |

**Source: ITC Trade Map**

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၆၄) တွင်ရှိပါသည်။

၆။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် နာနတ်သီးတင်ပို့သော နိုင်ငံ ၁၄၀ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၆၄ ၊ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၅၀ နေရာတွင်ရှိနေပါသည်။

## အာရှထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

**Fig 5: Top 10 Asia Importers in 2018**

| Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|
| China | 182731 | 185996 | 982 | 6.7 |
| Japan | 130327 | 159040 | 819 | 4.8 |
| Korea, Republic of | 64051 | 77520 | 826 | 2.3 |
| Russian Federation | 57927 | 52697 | 1099 | 2.1 |
| United Arab Emirates | 18137 | 36731 | 494 | 0.7 |
| Singapore | 8792 | 24242 | 363 | 0.3 |
| Turkey | 7505 | 19364 | 388 | 0.3 |
| Israel | 6558 | 6972 | 941 | 0.2 |
| Saudi Arabia | 6275 | 14178 | 443 | 0.2 |
| Lebanon | 5860 | 4248 | 1379 | 0.2 |

**Source : ITC TradeMap**

၇။ လေ့လာနေသော နာနတ်သီးကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသော နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ယူအေအီး၊ စင်ကာပူ၊ တူရကီ၊ အစ္စရေး၊ ဆော်ဒီအာရေဗျနှင့် လက်ဘနွန်တို့ဖြစ်ကြသည်။ တရုတ်သည် ၂၀၁၈ ခုနှစ်တွင် သွင်းကုန် တန်ဘိုး ကန်ဒေါ်လာ ၁၈၂ ဒသမ ၇၃၁ သန်းဖိုးနှင့် အရေအတွက် ၁၈၅၉၉၆ တန်ဖြင့် အများဆုံး ဝယ်ယူခဲ့ပြီး ဂျပန်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၃၀ ဒသမ ၃၂၇ သန်းဖိုးနှင့် အရေအတွက် ၁၅၉၀၄၀ တန်ဖြင့် ဒုတိယအများဆုံး၊ ကိုရီးယားက ကန်ဒေါ်လာ ၆၄ ဒသမ ၀၅၁ သန်းဖိုး၊ အရေအတွက် ၇၇၅၂၀ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။


ထို့နောက်  ရုရှား၊ ယူအေအီး၊ စင်ကာပူ၊ တူရကီ၊ အစ္စရေး၊ ဆော်ဒီအာရေဗျနှင့် လက်ဘနွန်တို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀) နိုင်ငံ (၂၀၁၈)

**Fig 6: Top 10 World exporters in 2018**

| Exporter Countries | Value Exported in 2018(US$,000) | Quantity Exported in 2018 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Costa Rica | 1038152 | 2333924 | 445 | 49 |
| Netherlands | 245423 | 276669 | 887 | 11.6 |
| Philippines | 191979 | 442108 | 434 | 9.1 |
| Belgium | 108587 | 131228 | 827 | 5.1 |
| United States of America | 90262 | 109232 | 826 | 4.3 |
| Taipei, Chinese | 42998 | 31927 | 1347 | 2 |
| Honduras | 42077 | 68378 | 615 | 2 |
| Ecuador | 40621 | 80579 | 504 | 1.9 |
| Spain | 40306 | 39243 | 1027 | 1.9 |
| Mexico | 30605 | 75217 | 407 | 1.4 |
| Myanmar | 556 | 60 | 9267 | 0 |

**Source : ITC TradeMap**




**Source : ITC TradeMap**




**Source : ITC TradeMap**

၈။ ၂၀၁၈ ခုနှစ်တွင် နာနတ်သီး (HS.Code-080430) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ကော့စတာရီကာ၊ နယ်သာလန်စ်၊ ဖိလစ်ပိုင်၊ ဘယ်လဂျီယမ်၊ အမေရိကန်၊ တိုင်ပေ (တရုတ်)၊ ဟွန်ဒူးရတ်စ်၊ အီကွေဒေါ၊ စပိန်၊ မက္ကဆီကိုတို့ဖြစ်ကြသည်။ ကော့စတာရီကာက ကန်ဒေါ်လာ ၁၀၃၈ ဒသမ ၁၅၂ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၄၉ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ နယ်သာလန်စ်က ကန်ဒေါ်လာ ၂၄၅ ဒသမ ၄၂၃ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၁ ဒသမ ၆ ရာခိုင်နှုန်း၊ တတိယနေရာရှိ ဖိလစ်ပိုင်က ကန်ဒေါ်လာ ၁၉၁ ဒသမ ၉၇၉ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၉ ဒသမ ၁ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ဘယ်လဂျီယမ်၊ အမေရိကန်၊ တိုင်ပေ (တရုတ်)၊ ဟွန်ဒူးရတ်စ်၊ အီကွေဒေါ၊ စပိန်၊ မက္ကဆီကိုတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေနှင့် တိုင်ပေ(တရုတ်)က ပထမ၊ စပိန်က ဒုတိယ၊ နယ်သာလန်စ် တတိယ၊ ဘယ်လဂျီယမ်က စတုတ္ထနှင့် အမေရိကန်က ပဉ္စမတို့ဖြစ်ကြ သည်။ ကမ္ဘာ့ နာနတ်သီး တင်ပို့သော နိုင်ငံ (၁၀၈) နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့်(၅၀)နေရာတွင်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၁၀)နိုင်ငံစာရင်း မဝင်သော်လည်း အဆင့်(၅၀)နေရာတွင်ရှိပြီး ဈေးနှုန်းအနေဖြင့် တစ်တန်ကို ၉၂၆၇ ဒေါ်လာနှုန်း ရရှိနေကြောင်းတွေ့ရှိရပါသည်။

## EU နိုင်ငံများမှ နာနတ်သီး တင်သွင်းမှု

၉။ ၂၀၁၈ ခုနှစ်တွင် နာနတ်သီး အများဆုံး တင်သွင်းခဲ့သော EUထိပ်တန်း (၅) နိုင်ငံမှာ နယ်သာလန်စ်၊ ဂျာမဏီ၊ စပိန် ၊ ဘယ်လဂျီယမ်နှင့် အီတလီတို့ဖြစ်ကြပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈

ခုနှစ် (၅) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် (၂)နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Fig 7: Top Five EU Importers with the Biggest Growth in value Between 2014 and 2018**

| Importer | Annual growth in value between 2014-2018 (%) | Annual growth in value between 2017-2018 (%) |
|---|---|---|
| Netherlands | -2 | 7 |
| Germany | -1 | 6 |
| Spain | 4 | 4 |
| Belgium | 0 | 2 |
| Italy | 2 | 1 |

**Source : ITC TradeMap**

၁၀။ နာနတ်သီး အများဆုံး တင်သွင်းသော EUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၁၈ ခုနှစ်အတွက် တင်သွင်းမှု ပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**Fig 8: Top Five Fresh or dried pineapples Importers of EU in 2018**

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2018 (USD thousand) | Quantity imported in 2018 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 1277216 | 1508045 | 847 | 46.7 |
| Netherlands | 258319 | 318806 | 810 | 9.5 |
| Germany | 156851 | 160587 | 977 | 5.7 |
| Spain | 144460 | 178820 | 808 | 5.3 |
| Belgium | 135303 | 150931 | 896 | 5 |
| Italy | 134964 | 175975 | 767 | 4.9 |

**Source : ITC Trade Map**

၁၁။ ၂၀၁၈ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် နာနတ်သီး တင်သွင်းမှု ပမာဏသည် ၁၅၀၈၀၄၅ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၂၇၇ ဒသမ ၂၁၆ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၄၆ ဒသမ ၇ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

**သွင်းကုန်ခွန်လေ့လာချက်**

၁၂။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် အမေရိကန်က MFN duties ၁ ကီလိုဂရမ်ကို သုညဒသမ ၅၁ ဆင့်နှုန်း၊ **LDC Countries** အတွက် သုညရာခိုင်နှုန်း၊ ဂျပန်က MFN duties သုညဒသမ ၁၇ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်း၊ တရုတ်က MFN duties သုညဒသမ ၁၂ ရာခိုင်နှုန်း၊ ASEAN Countries နှင့် 3 LDC Countries အတွက် သုညရာခိုင်နှုန်း၊ ကိုရီးယားက MFN duties သုညဒသမ ၃ ရာခိုင်နှုန်း၊ ဂျာမဏီ၊ နယ်သာလန်စ်၊ စပိန်၊ ဘယ်လဂျီယမ်၊ အီတလီတို့က MFN duties သုညဒသမ ဝ၅၈ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**Tariff Rate of Fresh or dried pineapples**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| United State Of America | MFN duties (Applied) | 0.51 cents/kg |
| | Preferential tariff for Least Developed Countries | 0 |
| Japan | MFN duties (Applied) | 0.17 |
| | Preferential tariff for Least Developed Countries | 0 |
| China | MFN duties (Applied) | 0.12 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for 3 Least Developed Countries | 0 |
| Korea | MFN duties (Applied) | 0.3 |
| Germany | MFN duties (Applied) | 0.058 |
| | Preferential tariff for Least Developed Countries | 0 |
| Netherlands | MFN duties (Applied) | 0.058 |
| | Preferential tariff for Least Developed Countries | 0 |
| Spain | MFN duties (Applied) | 0.058 |
| | Preferential tariff for Least Developed Countries | 0 |
| Belgium | MFN duties (Applied) | 0.058 |
| | Preferential tariff for Least Developed Countries | 0 |
| Italy | MFN duties (Applied) | 0.058 |
| | Preferential tariff for Least Developed Countries | 0 |

**Source: Market Access Map**

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### ဂျာမဏီ ဈေးကွက်

Fig 9: Top 10 world exporters to Germany in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Costa Rica | 109501 | 121135 | 904 | 69.8 |
| Netherlands | 19256 | 15342 | 1255 | 12.3 |
| United States of America | 5757 | 3342 | 1723 | 3.7 |
| Ecuador | 4686 | 6248 | 750 | 3 |
| Panama | 4613 | 5763 | 800 | 2.9 |
| Côte d'Ivoire | 2024 | 2048 | 988 | 1.3 |
| Ghana | 1898 | 2012 | 943 | 1.2 |
| Italy | 1282 | 1122 | 1143 | 0.8 |
| South Africa | 1084 | 455 | 2382 | 0.7 |
| Spain | 989 | 501 | 1974 | 0.6 |
| Myanmar | 442 | 51 | 8667 | 0.3 |

Source : ITC Trade Map

### အမေရိကန် ဈေးကွက်

Fig 10: Top 10 world exporters to United States of America in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Costa Rica | 627485 | 1000961 | 627 | 86.4 |
| Mexico | 36040 | 72888 | 494 | 5 |
| Honduras | 34860 | 57401 | 607 | 4.8 |
| Guatemala | 11329 | 22588 | 502 | 1.6 |
| Thailand | 7239 | 1791 | 4042 | 1 |
| Panama | 3752 | 5830 | 644 | 0.5 |
| Colombia | 1586 | 762 | 2081 | 0.2 |
| South Africa | 917 | 131 | 7000 | 0.1 |
| Ecuador | 771 | 917 | 841 | 0.1 |
| China | 521 | 49 | 10633 | 0.1 |
| Myanmar | 75 | 7 | 10714 | 0 |

Source : ITC Trade Map

## တရုတ် ဈေးကွက်

Fig11: Top 5 world exporters to China in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Philippines | 127539 | 143203 | 891 | 69.8 |
| Taipei, Chinese | 44259 | 31183 | 1419 | 24.2 |
| Thailand | 9422 | 9619 | 980 | 5.2 |
| Costa Rica | 1310 | 1790 | 732 | 0.7 |
| Malaysia | 200 | 200 | 1000 | 0.1 |

Source : ITC Trade Map

## ဂျပန် ဈေးကွက်

Fig 12: Top 10 world exporter to Japan in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Philippines | 121038 | 148832 | 813 | 92.9 |
| Costa Rica | 5730 | 6362 | 901 | 4.4 |
| Indonesia | 1480 | 2221 | 666 | 1.1 |
| Taipei, Chinese | 1054 | 682 | 1545 | 0.8 |
| Malaysia | 663 | 908 | 730 | 0.5 |
| Thailand | 92 | 7 | 13143 | 0.1 |
| Sri Lanka | 75 | 4 | 18750 | 0.1 |
| Uganda | 60 | 5 | 12000 | 0 |
| China | 31 | 1 | 31000 | 0 |
| Korea, Republic of | 25 | 0 | | 0 |

Source : ITC Trade Map

## ကိုရီးယား ဈေးကွက်

Fig 13: Top 10 world exporter to Korea, Republic of in 2018

| Country | Value(in USD Thousand) | Quantity (in Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Philippines | 57999 | 69909 | 830 | 90.6 |
| Costa Rica | 3122 | 3905 | 799 | 4.9 |
| Indonesia | 2175 | 2964 | 734 | 3.4 |
| Panama | 433 | 451 | 960 | 0.7 |
| Malaysia | 98 | 114 | 860 | 0.2 |
| Mexico | 72 | 94 | 766 | 0.1 |
| Thailand | 59 | 20 | 2950 | 0.1 |
| Colombia | 46 | 57 | 807 | 0.1 |
| Sri Lanka | 22 | 2 | 11000 | 0 |
| United States of America | 14 | 0 | | 0 |

Source : ITC Trade Map

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၁၃။ ကမ္ဘာပေါ်တွင် နာနတ်သီးအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့နာနတ်သီး အများဆုံး ဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၂၆ ဒသမ ၆ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယ နယ်သာလန်စ် ဖြစ်ပြီး ဈေးကွက်ဝေစု ၉ ဒသမ ၅ ရာခိုင်နှုန်း၊ တတိယ တရုတ်က ဈေးကွက်ဝေစု ၆ ဒသမ ၇ ရာခိုင်နှုန်း ရရှိနေသည်။ ယင်းနောက်တွင် ဂျာမဏီ၊ စပိန်၊ ဘယ်ဂျီယမ်၊ အီတလီ၊ အင်္ဂလန်၊ ဂျပန်၊ ပြင်သစ်တို့က အစဉ်လိုက် ရှိကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံမှ နာနတ်သီးများကို ယခုလက်ရှိ အချိန်တွင် အများဆုံးတင်ပို့နေသော နိုင်ငံများမှာ ဂျာမဏီ၊ အမေရိကန်၊ ဆွစ်ဇာလန်တို့ဖြစ် ကြောင်း ITC Trade Data အရသိရသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့နာနတ်သီးကို အများဆုံး ဝယ်ယူသော နိုင်ငံမှာ ဂျာမဏီနိုင်ငံဖြစ်ပြီး ဈေးကွက်ဝေစု ၇၉ ဒသမ ၅ ရာခိုင်နှုန်း ရရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပို့ကုန်ထိပ်တန်းနိုင်ငံစာရင်း မဝင်သော်လည်း အမေရိကန်နှင့် ဂျာမဏီသို့ တင်ပို့မှုတွင် အဆင့် (၁၅) နေရာ ဆွစ်ဇာလန်သို့ တင်ပို့မှုတွင် အဆင့် (၁၉) နေရာများတွင်

စာရင်းဝင်လျက်ရှိသည်။ အမေရိကန်နှင့် ဂျာမဏီ တို့သည် ကမ္ဘာ့ဝယ်လိုအား အဆင့် (၁၀) စာရင်းဝင်နိုင်ငံများဖြစ်၍လည်းကောင်း၊ လက်ရှိတွင် အမေရိကန်နှင့် ဂျာမဏီတို့သည် မြန်မာ့ နာနတ်သီးများကိုဈေးနှုန်းအမြင့်ဆုံး ပေးဝယ်နေခြင်းကြောင့်လည်းကောင်း၊ ဂျာမဏီက MFN duties သုည ဒသမ ၀၅၈ ရာခိုင်နှုန်း၊ အမေရိကန်က တစ်ကီလိုဂရမ်ကို သုညဒသမ ၅၁ ဆင့်နှုန်း၊ LDC Countries အတွက် နှစ်နိုင်ငံစလုံး သုညရာခိုင်နှုန်းသာ သတ်မှတ်ထား သဖြင့်လည်းကောင်း၊ လက်ရှိဈေးကွက် အမေရိကန်၊ ဂျာမဏီ ဈေးကွက်များသို့ ပိုမိုတိုးချဲ့သင့်ပါသည်။ တရုတ်နှင့် ဂျပန်တို့သည်လည်း ကမ္ဘာ့ဝယ်လိုအား အဆင့်(၁၀)တွင်ပါဝင်ခြင်း၊ ယင်းနိုင်ငံများသို့ တင်ပို့မှုထိပ်တန်းနိုင်ငံစာရင်းတွင် မြန်မာ မပါဝင်သေးခြင်း၊ တရုတ်က MFN duties သုည ဒသမ ၁၂ ရာခိုင်နှုန်း၊ ASEAN Countries နှင့် 3 LDC Countries တို့အတွက် သုညရာခိုင်နှုန်း၊ ဂျပန်က MFN duties သုည ဒသမ ၁၇ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်းသာ သတ်မှတ်ထားခြင်းတို့ကြောင့် တရုတ်နှင့် ဂျပန်နိုင်ငံများသို့ ဈေးကွက်ထိုးဖောက်သင့်ပါသည်။ ကိုရီးယားသည်လည်း အာရှထိပ်တန်း(၁၀)နိုင်ငံ စာရင်းဝင်ဖြစ်နေပြီး အခွန်စည်းကြပ်မှုမှာ MFN duties သုည ဒသမ ၃ ရာခိုင်နှုန်းသာ သတ်မှတ်ထားသဖြင့် ဈေးကွက်ထိုးဖောက်သင့်သော နိုင်ငံဖြစ်ပါသည်။